KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

၂၀၁၉ခုနှစ်၊ ဇူလိုင်လ၊ ၁၆ရက်/ KHRG မှတ်တမ်းလွှာအမှတ် # 18-110-I1

---

# သထုံခရိုင် မှုခင်းဆိုင်ရာမှတ်တမ်းလွှာ : ကျိုက်ထိုမြို့နယ်တွင် စူပါဝမ်းကုမ္ပဏီ၏ မြေယာသိမ်းဆည်းမှု (၂၀၁၈ခုနှစ်၊ အောက်တိုဘာလ)

---

*၂၀၁၅ ခုနှစ်တွင် စူပါဝမ်းကုမ္ပဏီသည် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဒေသခံရွာသားကိုးဦး၏မြေဧက ၆၄ ဧကအား သိမ်းယူခဲ့သည့်အတွက် ရွာသားများသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာအခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ မြေယာသိမ်းဆည်းခံရသည့် ရွာသားများသည် မည်သည့်လျော်ကြေးငွေမှ မရရှိသည့်အပြင် ၎င်းတို့မြေယာများကို ပြန်လည် ရရှိခြင်း မရှိသေးပါ။* [1]

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | မြေယာသိမ်းဆည်းမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၅ခုနှစ် နွေရာသီကာလ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | က---ကျေးရွာ၊ ချောင်းပြန့်ကျေးရွာအုပ်စု၊ ကျိုက်ထိုမြို့နယ်၊ သထုံခရိုင် |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| ***အမည်*** | စောတ--- |
| **အသက်** | ၃၈နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ |

---

[1] ယခုလက်ရှိအစီရင်ခံစာကို ၂၀၁၈ ခုနှစ် နိုင်ဝင်ဘာလ ၆ ရက်နေ့တွင်ရရှိသော အကြောင်းအရာအပေါ်တွင်အခြေခံပြုစုထားသည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ဒေသတွင်း လူ့အခွင့်အရေးအခြေအနေများကိုလေ့လာမှတ်သားရန်လေ့ကျင့်သင်ကြားပေးထားသော ဒေသခံအဖွဲ့ဝင်တစ်ဦးမှဖော်ပြခြင်းဖြစ်သည်။ လုံခြုံရေးနှင့်ပတ်သက်သောထိခိုက်မှုခံစားရသောသူများ၏နာမည်များနှင့် တိကျသော နေရာဒေသအကြောင်းအရာများအား ဖြတ်တောက်ထားသည်။

| | |
|---|---|
| အလုပ်အကိုင် | တောင်ယာ |
| ကိုးကွယ်သည့် ဘာသာ | ဗုဒ္ဓ |
| ရာထူးအဆင့် | - |
| နေရပ် ရွာအမည် | က---ကျေးရွာ |

| ဖြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| အမည် | ရာထူး | စစ်ကြောင်း၊တပ်ရင်း၊ တပ်မ | အခြေစိုက်သည့်နေရာဒေသ | အထက်အရာရှိ အမည် |
| ဦးလှမောင် | ကုမ္ပဏီပိုင်ရှင် | စူပါဝမ်းကုမ္ပဏီ [2] | နောင်ရိုးကျေးရွာ၊ ချောင်းပြန့်ကျေးရွာအုပ်စု၊ ကျိုက်ထိုမြို့နယ်၊ သထုံခရိုင် | - |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ဤမြေယာသိမ်းဆည်းမှုနှင့်ပတ်သက်သည့်သတင်းအကြောင်းအရာများကို ကျိုက်ထိုမြို့နယ်ရှိ ကေအဲန်ယူ ရဲအရာရှိတစ်ဦးထံမှ ကျွန်မ (KHRG သတင်းစုဆောင်းသူ) ရရှိခဲ့ပါသည်။ ထို့နောက် ကျွန်မသည် က---ကျေးရွာအုပ်ချုပ်ရေးမှူး၊ ချောင်းပြန့်အုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြေယာသိမ်းဆည်းခံရသည့်ရွာသားတစ်ဦးဖြစ်သူ စောတ---နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၄င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| မြေယာသိမ်းဆည်းခံရသည့် ရွာသားတစ်ဦးနှင့် ဤမြေယာသိမ်းဆည်းသည့်ကိစ္စကို တင်ပြရာတွင် ပါဝင်ကူညီခဲ့သည့် က---ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ ဤသတင်းအကြောင်းအရာများကို ပြောပြခဲ့ခြင်းဖြစ်သည်။ သို့သော် စောပ---သည် မကြာသေးမီက အုပ်စုအုပ်ချုပ်ရေးမှူးရာထူးကို ခန့်အပ်ခံခဲ့သည့်အတွက် သတင်းအကြောင်းအရာ အပြည့်အစုံကို ကျွန်မအား မပြောပြနိုင်ခဲ့ပါ။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၂၀၁၅ခုနှစ်တွင် ဦးလှမောင်ပိုင်ဆိုင်သည့် စူပါဝမ်းကုမ္ပဏီသည် က---ကျေးရွာရှိ ရွာသားကိုးဦး၏မြေဧက ၆၄ဧကကို အတင်းအဓမ္မသိမ်းယူခဲ့သည်။ က---ကျေးရွာသည် ကေအဲန်ယူနှင့်မြန်မာနိုင်ငံအစိုးရနှစ်ရပ်လုံး ရောနှော၍ အုပ်ချုပ်သည့် ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ မြေယာသိမ်းဆည်းခံရသည့် ရွာသားကိုးဦးမှာ မည်သည့်လျော်ကြေးငွေမှ မရရှိဘဲ ယခုလက်ရှိတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ |

[2] "*Bilin sugar factory restarts operation with trial run of new sugar machine*", BNI Multimedia Group, April 2018 တွင်ဖတ်ရှုနိုင်သည်။

အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။ မြေယာ (၁၃)ကေ သိမ်းဆည်းခံခဲ့ရသူ စောတ---သည် ကရင်လူ့အခွင့်အရေးအဖွဲ့ကို ယခုလို တင်ပြခဲ့သည်။ *"သူတို့က ကျွန်တော်မြေတွေကို သိမ်းယူခဲ့တယ်။ ပြီးတော့ ကြံစိုက်ခင်းလုပ်ဖို့အတွက် မြေ(၄)ကေကို အသုံးပြုခဲ့တယ်။ ကျန်တဲ့မြေတွေက ရေတွေနဲ့ ပြည့်နေတာကြောင့် သူတို့ ဘာမှ မစိုက်ရသေးဘူး။ ဒါပေမဲ့ ရေတွေကျလာရင် သူတို့စိုက်လိမ့်မယ်"* ၂၀၁၉ခုနှစ်တွင် ကုမ္ပဏီမှ ကြံ ပင်များကို ပိုမို၍ စိုက်ပျိုးခဲ့သည့်အတွက်ကြောင့် စောတ---အတွက် လယ်ယာမြေနစ်ကေသာ ကျန်ရှိခဲ့ သည်။

၂၀၁၂ခုနှစ်မှစ၍ စောတ---၏မြေယာများကို ကုမ္ပဏီသုံးလုံးမှ အဆင့်ဆင့်သိမ်းယူခဲ့သည်။ ၂၀၁၂ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ၎င်းမြေယာများကို ရွှေသန်လွင်ကုမ္ပဏီမှ သိမ်းယူခဲ့သည်။ ၂၀၁၄ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ အေအိုင်ဂျီကုမ္ပဏီမှ မြေယာများအား သိမ်းယူခဲ့ပြီး စူပါဝမ်းကုမ္ပဏီမှလည်း ၂၀၁၅ခုနှစ်မှ ယနေ့ထိတိုင် ဆက်လက်သိမ်းဆည်းနေဆဲပင်ဖြစ်သည်။ စောတ---၏လယ်ယာမြေမှ နှစ်စဉ် စပါးတင်း ၂၀၀ မှ ၃၀၀အထိ ထွက်ရှိခဲ့ပြီး ၎င်း၏မိသားစုစားဝတ်နေရေးကို လုံလောက်စွာထောက်ပံ့နိုင်ခဲ့သည်။ စောတ---သည် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ၎င်း၏ လယ်ယာမြေတွင် လုပ်ကိုင်စိုက်ပျိုးခွင့်ရရှိခဲ့သည်။ ၂၀၁၈ခုနှစ်တွင် စောတ---သည် ကျပ်၂၀၀,၀၀၀နှင့် လယ်ထွန်စက်တစ်လုံးကို ငှားရမ်းခဲ့သည်။ သို့သော် လယ်ယာမြေလုပ်ကိုင် စိုက်ပျိုးခြင်းအား ရပ်တန့်ရန် စူပါဝမ်းကုမ္ပဏီဝန်ထမ်းတစ်ဦးမှ ၎င်းအား အမိန့်ပေးခဲ့သည်။ ထို့ကြောင့် စောတ---သည် ၎င်း၏မိသားစုစားဝတ်နေရေးအတွက် လုံလုံလောက်လောက် ထောက်ပံ့နိုင်ခြင်း မရှိတော့ဘဲ စီးပွားရေးအခက်အခဲများစွာနှင့် ရင်ဆိုင်နေကြရသည်။

စောတ---သည် ၎င်း၏မိသားစုကိုထောက်ပံ့နိုင်ရန်အတွက် ၂၀၁၈ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအထိ ကျွဲကျောင်းသည့်လုပ်ငန်းဖြင့် လုပ်ကိုင်ခဲ့သည်။ သို့သော် ၎င်းသည် ကျွဲကျောင်းသည့်လုပ်ငန်းကို လုပ်ကိုင်၍မရတော့ပေ။ အဘယ်ကြောင့်ဆိုသော် စူပါဝမ်းကုမ္ပဏီမှ ၎င်းအား သိမ်းဆည်းထားသောမြေယာထဲတွင် ကျွဲကျောင်းရန် ခွင့်မပြုခဲ့ခြင်းဖြစ်သည်။ စောတ---သည် ကုမ္ပဏီမှ တားမြစ်ထားသော်လည်း ၂၀၁၉ခုနှစ်တွင် ၎င်း၏ကျန်ရှိသောမြေယာများနှင့် လုပ်ကိုင်စိုက်ပျိုးရန် ကြိုးစားသွားမည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့အား တင်ပြခဲ့သည်။ ထို့အပြင် ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်ရသည့်အရာများကိုလည်း ပြောပြခဲ့သည်။ "ကျွန်တော်တို့မှာ မိသားစုနဲ့ကလေးတွေ ရှိတယ်။ ဒါကြောင့် စားဝတ်နေရေးအတွက် အလုပ်လုပ်ဖို့လိုတယ်။ ကျွန်တော်တို့အလုပ်မလုပ်ရင် ကျွန်တော်တို့ဘဝအတွက် အခက်အခဲများစွာရှိလိမ့်မယ်"။ ယခုတွင် စောတ---၏အမျိုးသမီးသည်လည်း အခြားဝင်ငွေရရှိရန်အတွက် သူတစ်ပါး၏ရော်ဘာခြံတွင်သော်လည်းကောင်း၊ ဥယျာဉ်ခြံတွင်သော်လည်း လုပ်ကိုင်နေရပါသည်။

စောတ---သည် ဒေသခံအာဏာပိုင်များထံတွင် ၎င်း၏မြေယာများပြန်လည်ရရှိရန် အကူအညီ သွားတောင်းခဲ့သည်။ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၆ရက်နေ့တွင် က---ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့သည် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံ တိုင်ကြားစာတစ်စောင် ပေးပို့ခဲ့ပြီး စောတ---နှင့် အခြားရွာသားရှစ်ဦးအတွက် သထုံခရိုင်ရှိ ကေအဲန်ယူခေါင်းဆောင်များနှင့် ဒေသခံမြန်မာအစိုးရအာဏာပိုင်များထံသို့လည်း တိုင်ကြားစာများပေးပို့ခဲ့သည်။ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလရောက်သည့်အထိ ၎င်းတို့သည် တိုင်ကြားစာနှင့်ပတ်သက်၍ မည်သည့်အကြောင်းအရာကိုမှ လက်ခံရရှိခြင်းမရှိသည့်အပြင် စူပါဝမ်းကုမ္ပဏီမှ မြေယာများကို ဆက်လက်သိမ်းဆည်းလျက်ရှိသည်။

၂၀၁၅ခုနှစ်ကတည်းက သိမ်းဆည်းခံရသော မြေယာများအား ပြန်လည်ရရှိရန်အတွက် စောတ---သည် ကျပ်ငွေ ၅သိန်းကို ကုန်ကျခံ၍ ကြိုးပမ်းခဲ့သေးသည်။ ၎င်းငွေအများစုသည် ဤအမှုအတွက် ကူညီခဲ့သော ကေအဲန်ယူနှင့် မြန်မာအစိုးရအရာရှိများ၏ သွားလာနေထိုင်သည့်စရိတ်အတွက် အသုံးပြုခဲ့သည်။ မြေယာသိမ်းဆည်းခံခဲ့ရသောရွာသားများသည် ၎င်းကုန်ကျစရိတ်များကို ပေးရမည်ဖြစ်သောကြောင့် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်စေပြီး ၎င်းအများစုမှာ ထိုကုန်ကျစရိတ်များကို ပေးရန်မတတ်နိုင်ကြပါ။ ထို့ကြောင့် အချို့မှာ

ရွေးချယ်စရာမရှိတော့သဖြင့် မြေယာပြန်လည်ရရှိရန် မျှော်လင့်ချက်ဆုံးရှုံးခဲ့ပြီး ၂၀၁၈ခုနှစ်၊ အောက်တိုဘာလတွင် စောတ---သည် ဤမြေယာပြန်လည်ရရှိရေး အစီအစဉ်ကို ရပ်တန့်ခဲ့သည်။ ၂၀၁၉ခုနှစ်တွင် မြေယာဆုံးရှုံးသွားသည့်ရွာသားများအား ကေအဲန်ယူမှ မြေယာအသစ်ပြန်လည်အစားထိုးစီစဉ်ပေးမည်ဟု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအသစ်ထံမှ သိရှိခဲ့ရသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြေယာသိမ်းဆည်းမှုပြဿနာသည် ဆက်လက်တည်ရှိနေပြီး ထုံးတမ်းဓလေ့အရ လုပ်ကိုင်နေကျသောမြေယာပိုင်ရှင်များနှင့် တရားဝင်မြေယာမှတ်ပုံတင်ထားသော မြေယာပိုင်ရှင်များ နှစ်ဦးနှစ်ဖက်လုံးအတွက် ထိခိုက်နစ်နာမှုများရှိပါသည်။ အမှန်စစ်စစ်တွင် မြေယာသိမ်းဆည်းခံရသည့် ဒေသခံရွာသားကိုးဦးတွင် ကေအဲန်ယူမှ ချမှတ်ထားသော မြေယာစာချုပ်စာတမ်းများရှိပါသည်။ သို့သော် ကေအဲန်ယူမြေယာစာချုပ်စာတမ်းများအား မြန်မာအစိုးရမှအသိအမှတ်မပြုသည့်အတွက်ကြောင့် အထူးသဖြင့် အစိုးရနှစ်ဦးနှစ်ဖက်လုံးရောနှောအုပ်ချုပ်သည့်နေရာများတွင် ဖြစ်ပွားသည့် မြေယာသိမ်းဆည်းမှုများအား တားဆီးရန် အကာအကွယ်ပေးနိုင်မှု အနည်းငယ်သာရှိသည်။ ထို့ပြင် ကေအဲန်ယူသည် ၎င်း၏မြေယာအုပ်ချုပ်မှုစနစ်အား ပိုမို၍အားကောင်းလာအောင် ပြုလုပ်ရန်လုပ်အပ်သေးသည်။ အဘယ်ကြောင့်ဆိုသော် မြေယာသိမ်းဆည်းမှုများအား တားဆီးကာကွယ်ရမည့်အစား မြေယာသိမ်းဆည်းခံရသော ရွာသားများအား မြေယာအသစ်ပြန်လည်အစားထိုးပေးအပ်ရန် စီစဉ်ခဲ့သောကြောင့်ဖြစ်သည်။ စောတ---သည် မြန်မာအစိုးရမှ ချမှတ်ထားသော မြေယာစာရွက်စာတမ်းရှိသော်လည်း ၎င်းမြေယာများအား သိမ်းဆည်းခံရခြင်းသည် စိုးရိမ်ဖွယ်ရာကိစ္စတစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာအစိုးရမှ ချမှတ်ထားသော မြေယာစာရွက်စာတမ်းသည် မြန်မာနိုင်ငံရှိ မြေယာသိမ်းဆည်းမှုများအား ကာကွယ်ရန် တရားဝင် အသိအမှတ်ပြုထားသောကြောင့်ဖြစ်သည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| မြေယာသိမ်းဆည်းခံရသော ရွာသားသည် ဤသတင်းအကြောင်းအရာကို အသုံးပြုရန် ကရင်လူ့အခွင့်အရေးအဖွဲ့အား ခွင့်ပြုချက်ပေးခဲ့သည်။ |

 





ဤပုံများကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ၊ ၃၁ရက်နေ့တွင် ရိုက်ယူခဲ့သည်။ ဤပုံများတွင် စူပါဝမ်းကုမ္ပဏီမှ သိမ်းဆည်း ထားသော တချို့သောမြေယာများဖြစ်သည်။ စူပါဝမ်းကုမ္ပဏီမှ အလုပ်သမားများသည် အချို့နေရာများတွင် ကြံပင်များကို စိုက်ပျိုးခဲ့ပြီး အခြားနေရာများတွင် ရေများခန်းခြောက်သွားလျှင် ဆက်လက်စိုက်ပျိုးသွားရန် ရှိသည်။ *[ဓာတ်ပုံများ: KHRG]*